## လှေကလေး

ထိုနေ့နံနက်ခင်းမှာ ထူးဆန်းမှုရှိလှေသည်။ ကာဘန်းလှေကလေးတစ်စင်းသည် ပါချန်းမြစ်၏ လက်ဝဲဘက်ကမ်းပါးအတိုင်း တရွေ့ရွေ့ ဆန်တက်နေသောကြောင့်ဖြစ်၏။ ဆလုံလှေကလေးမျိုးကို ကာဘန်းဟု ခေါ်လေသည်။ ယခုကာဘန်းကလေးပေါ်တွင် အသက်နှစ်ဆယ်အရွယ် ဆလုံကလေးတစ်ဦးသာ ပါလေသည်။ ဆလုံကလေးသည် အထီးကျန်ဆန်၏။ သူ့စိတ်သည်လည်း တစ်ကိုယ်တည်း လွင့်ချင် မျောချင်သော သဘောရှိလေသည်။ ယခုသူဆန်တက်နေသော အရပ်တွင် လှပသည့် ပန်းပွင့် ပန်းခင်းများ မရှိသလောက် ရှားပါးစပြုပြီး အုန်းပင်နှင့် ကွမ်းသီးပင်များသာ တွေ့ရ၏။

"ကမ်းစပ်မှာ ပြေးလွှားနေတဲ့ ခွေးတစ်ကောင်လောက် တွေ့ချင်လိုက်တာ... ငါ့လှေမှာ ခွေးမပါတာ လှေနဲ့ မတူသလိုပဲ..." ဟု ရင်ထဲတွင် နာကျင်မှု တစ်ခုရှိနေလေသည်.. ခွေးတစ်ကောင်မျှ မပါလျှင် ကာဘန်း မပီသပေ.. ကာဘန်းပေါ်တွင် ခွေးပါမှ ကာဘန်းပီသသည်.. ဟု ဆလုံတိုင်းရင်းသားတိုင်း ယူဆမှုရှိကြသည်.. ထို့ကြောင့် ဆလုံလှေ တိုင်းလိုလိုပင် လှေဦးတွင် ခွေးကို တင်ထားကြလေသည်...

"တစ်ချိန်ကတော့ ငါတို့ကာဘန်းပေါ်မှာ အဖေရယ် ငါရယ် အတူတူနေခဲ့ကြဖူးပါရဲ့.. ဒါပေမယ့်.. .. "

သူသည် ဆက်မတွေးရဲတော့ပေ။ လှေ၏ လှော်တက်ကို ကြမ်းတမ်းသော လက်ဖဝါးဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ထားလိုက်မိလေသည်။

ကာဘန်းလှေကလေးသည် ပါချန်းမြစ်ကွေ့တစ်နေရာသို့ ရောက်ခဲ့ပြီ။ ထိုနေရာသည် 'မရမ်း' ဖြစ်၏။ ဆလုံကလေးသည် လှေပေါ်တွင် ဒူးထောက်ရင်း မြစ်ရေပြင်မှ ရေကို လက်ဖဝါးဖြင့် ထပ်၍ နမ်းကြည့်ပြီးလျှင် လျှာဖြင့်လျက်ကြည့်နေသည်။ ထို့နောက် သူသည် လှေပေါ်မှာ မြေအိုးကလေးကို ယူ၍ မြစ်ရေကို အပြည့်ခပ်ယူပြီး လှေပေါ်တင်ထားလိုက်လေသည်။

'မရမ်' သည် ပါချန်းမြစ်တွင် ရေချိုနှင့် ရေငန်ကို နယ်ခြားမျဉ်းသတ်မှတ်ပေးသော သဘာဝ ရေချိုနယ်မြေ မဟုတ်ပါလား.. ရေချိုနေပေပြီ။ သောက်ရေရပြီ။ သူ့လှေကလေးသည် ကော့သောင်နှင့် မိုင်သုံးဆယ်ကျော်မျှ ခရီးပေါက်ခဲ့လေပြီ။ ဝမ်းဆာလာသဖြင့် မျက်နှာပိတ်ခရုကို ရေနွေးဖြင့် ပြုတ်ထားသော အိုးကလေးကို ဖွင့်၍ ခရုအသားနှင်ကာ စားရလေသည်။

သူ့လှေကလေး 'နာလီချမ်း' ရွာအနီးသို့ ရောက်သောအခါ ရေဆင်းခပ်နေသော ရွာသူရွာသား တချို့က တအံ့တသြ ငေးမော ဝေဖန်ပြောဆိုကြလေသည်။ ရေချိုရှိရာအရပ်သို့ လာသော ဆလုံလှေနှင့် ဆလုံကလေးကို တွေ့၍ အံ့အားသင့်မိကြခြင်းဖြစ်လေသည်။ နာလီချမ်းသည် ပါချန်းမြစ်ဖျားပိုင်းဖြစ်၏။ ကော့သောင်မြို့မှ မိုင်လေးဆယ်ကျော် အရပ်တွင် ရှိလေသည်။

"ကြည့်စမ်း.. နာလီချမ်းရွာကြ လူတွေ ငါ့ကို ငေးကြည့်နေကြတယ်.. သူတို့က လူချောလူလှတွေပဲ.. ငါ့အသားတွေကတော့ နေလောင်ပြီး နီရဲ အက်ကွဲကြမ်းတမ်းလိုက်တာလေ.. ငါ့ပါးစပ်ထဲကလျှာတွေတောင်မှ ညီစော်နံနေတာကြည့်။ ငါ့ပြုတ်.. ငါးကင်.. ခရုပြုတ်.. ကမာပြုတ် ရှပ်ကင်နဲ့ ဆန်ကြမ်းရေခမ်းချက်.. အဲဒါ.. အဲဒါတွေနဲ့ ဘဝကို တည်ဆောက်ခဲ့ရတာ မဟုတ်လား.. တစ်ခါတစ်ခါ ကျွန်းတစ်ကျွန်းရောက်လို့ လှေမှာခွေးထားတဲ့ ခွေးက အနံ့ခံကောင်း အမဲလိုက်ကောင်းမှ မျောက်သားနဲ့ ဖွတ်သား.. လိပ်သား.. လိပ်ဥတွေ

စားရတာ.. ဒါပေမယ့် ငါ့ကိုယ်ငါ ချစ်တယ်.. ငါ့ရဲ့ တိုင်းရင်းသားတွေကို ချစ်တယ်.. ငါတို့ဆလုံလူမျိုးဟာ ကျောက်ရောဂါနဲ့ ကျောက်ပေါက်မှာ မရှိတဲ့ လူမျိုး.. ပင်လယ်ဆားငန်ရေတွေက တောတောင် သစ်ပင်တွေက ငှက်ဖျားနဲ့ ဒူလာသွေးဝမ်း .. မီးယပ်သွေးဝမ်း.. ဝေဒနာကလွဲပြီး တခြား ဝေဒနာတွေ ဘာတစ်ခုမှ ငါတို့ကို လက်ဆောင်မပေးဘူး..”

.. .. ဟုလေ့ပေါ်တွင် မတ်တပ်ရပ်ရင်း သူခံစားမိလေသည်။ သူခန္ဓာကိုယ်ပေါ်တွင် အမြှောင်း အမြှောင်းထနေသော ကြွက်သားအစိုင်အခဲကြီးများကိုလည်း ပိုမို၍ သူ အားကိုးမိလေသည်။

“မင်း ဘာလာလုပ်လဲ.. ဘယ်သွားမလဲ” ဟု နာလီချမ်းရွာသားတစ်ယောက်က လှေဆိပ်တွင် သူ့လှေအနီး ချဉ်းကပ်၍ လက်ဟန် ခြေဟန်ဖြင့် မေးလေသည်၊ မေးနေသူမှာ မြန်မာတစ်ယောက်ပင်ဖြစ်၏။ စိတ်သဘောထားပြည့်ဝကောင်းမွန်ပုံလည်း.. မျက်နှာ မှာ ပေါ်လွင်နေလေသည်။ တစ်ခုခုအကူအညီပေးမည့် အနေအထားမျိုးပင်ဖြစ်သည်၊

“ဆော့.. အမ်း. နာလီချမ်း” သူသည် တစ်ဖက်သားနားလည်မည်မဟုတ်သော ဆလုံးစကားဖြင့် “ဒီဟာ နာလီချမ်းရွာလား” ဟု မေးလိုက်မိသည်။.. .. .. နာလီချမ်းရွာသားကို နာလိချမ်း. .နာလီချမ်း.. ဟု ရွာသားက ပြန်ပြောလိုက်သဖြင့် သူ့ရင်ထဲတွင် လှုပ်ရှားသွားသည်။ သူသည် မြစ်တစ်ဖက်ကမ်းသို့ လက်ညှိုးထိုးပြလိုက်မိပြန်သည်။ “ထပ်ဘလီ.. ထပ်ဘလီ ..ထစမ်း..” ဟု ဝမ်းသာအားရ လှမ်းပြောတာကို နာလီချမ်းရွာသားသည် နားမလည်တော့သလိုဖြင့် ခေါင်းခါလိုက်ပြီး မြစ်ရေတစ်ပုံးဆွဲကာ ကမ်းပေါ်သို့ တတ်သွားလေတော့သည်. . . သူသည် အဝေးဆုံးမှုန်ဝါးဝါးအရပ်ရှိ ထပ်ဘလီ ရွာကို ငေးကြည့်နေမိသည်။ သူ့မျက်ဝန်းထဲတွင် မျက်ရည် ရစ်ဝဲလာလေသည်။ သူ့ရင်ထဲတွင် ပြောချင်တာတွေ . .မေးချင်တာတွေ.. စုံစမ်းချင်တာတွေ က အများကြီးပဲ.. ခုတော့ ငါ့စကား ငါတစ်ယောက်တည်းသိ.. သူများမသိတဲ့ အရပ်ဒေသမှာ ငါမေးချင်တာတွေ ငါပြောချင်တာတွေ ငါစုံစမ်းချင်တာတွေ.. ရေထဲ ကို နေဝင်သွားသလိုပဲ မှောင်သွားပြီ.. ဟု ကြိတ်မှိတ် ခံစားရလေသည်။

.. .. .. .. .. .. ..

အဲသလိုနဲ့ ငါဟာ ငါရောက်ချင်တဲ့ ထပ်ဘလီရွာကို မရောက်ခဲ့သလို ငါတွေ့ချင်တဲ့ လူတစ်ယောက်နဲ့လည်း မတွေ့ခဲ့ရပါဘူး..

နာလီချမ်းရွာမှ လှေပြန်အလှည့်မှာ မထင်မှတ်ဘဲ ငါ့ဘဝအတွက် လက်ဆောင်ရခဲ့တာကတော့ မင်းလေ။ မင်း ဟာ အဲဒီရွာက ခွေးတစ်ကောင်ပါပဲ.. မြစ်ကမ်းစပ်မှာ ဇေဆင်းချိုးနေကြတဲ့ အရက်မူးသမား ကာလသားတစ်စု ဟာ လက်ကျန်မရှိတော့တဲ့ မဲခေါင်အရက်ပုလင်းတွေကို ရေထဲပစ်ပေါက် ဆော့ကစားလို့ အားမရတော့ ကမ်းစပ်သောင်ပြင်မှာ ပြေးလွှားနေတဲ့ မင်းကို ဝိုင်းဖမ်းပြီး ရေထဲကို လွှင့်ပစ်ကြပြန်တယ်.. မင်းဟာ ကြောက်လန့်တကြား နဲ့မောဟိုက်ပင်ပန်းစွာ ငါ့ရဲ့ ကာဘန်းလှေကလေးရှိရာကို ကူးလာတုန်း မင်းကို ငါက လှေပေါ် ဆွဲတင်ထားလိုက်မိတာပဲ.. မင်းနဲ့ငါ သူငယ်ချင်းစဖြစ်တဲ့ ညနေခင်းဆိုပါစို့.. မင်းဟာ ငါ့ရဲ့ ကာဘန်းလှေကလေး ပါချန်းမြစ်အတိုင်း စုန်ဆင်းပြီး ရေချိုရေငန်စပ် ‘မရမ်း’ ရောက်တဲ့အထိ ငါနဲ့ အတူပါလာခဲ့တယ်.. မရမ်းကမ်းခြေမှာ မင်းကို ငါချထားခဲ့ဖို့ ကြိုးစားပါသေးတယ်.. ဒါပေမယ့် မင်းက ငါ့ကို မခွဲနိုင်တော့ဘူး ထင်ပါရဲ့.. ငါ့နောက် ဇွတ်အတင်း ပြေးလိုက်လာပြန်တယ်.. ဒါကြောင့် မင်းကို ငါ ကာဘန်းပေါ်ပြန်တင်ခဲ့ရတယ်.. ခုတော့ မင်းဟာ ပင်လယ်ဆားငန်ရေတွေ.. လှိုင်းဂယက်တွေ .. မိုးသက်လေပြင်းတွေ.. ကျွန်းကြီး ကျွန်းငယ်အသွယ်သွယ်ကြားမှာ ငါနဲ့အတူ မခွဲမခွာ ထာဝရ

လက်တွဲခဲ့ပြီပေါ့.. ငါ့ဘဝအတွက် မင်းကို အထူးပဲ ကျေးဇူးတင်ပါတယ်ကွာ”

သူသည် လေ့ဦးတွင် ထိုင်ရင်း ခွေးကြီးကို ပွေ့ဖက်လျက် တိုးတိုးကလေး ရေရွတ်နေမိလေသည်။ ယခုအချိန်တွင်မူ သူသည် ခွေးကို အထူးပင် ချစ်ခင်နေမိလေပြီ။ ခွေးမှာလဲ အတော်ပင် လေ့သက် ရေသက် ရင့်ကျက်ခဲ့ပေပြီ။ ထွားကျိုင်းသန်မာနေပြီ။

သူတို့လှေကလေး အပါအဝင် ဆလုံကာဘန်းလှေ အုပ်စုတစ်စုသည် ကျောင်းတန်းလဝန်းရွှေးစေ့ အမည်ရှိ အော်အတွင်းတွင် မျက်နှာပိတ်ခရု ဆင်းငုပ်နေကြလေသည်။ သူ့လှေမှာ ထူးဆန်းမှုတစ်ခုရှိ၏။ လှေပေါ်တွင် မိန်းမ မရှိခြင်းပင်ဖြစ်လေသည်။ တခြားလှေများတွင် ခွေး၊ ရေအိုး၊ ထမင်းအိုး၊ မီးဖို၊ ထင်းစည်း၊ ကပ်ပါးခေါ် ပုဆိန်ငယ်။ အဘွားအို၊ အဘိုးအို၊ သား၊ သမီး၊ သမက်၊ ချွေးမ၊ ကလေးငယ် စသည်ဖြင့် ရှုပ်ရှုပ်ထွေးထွေး ရှိလှ၏။ သူသည် လှေပေါ်သို့ မိန်းမ မတင်လိုသေးပေ၊ တင်လိုသော ဆန္ဒ ရှိက တခြားကာဘန်းများတွင် အပျိုမကလေးများ ရှိနေလေသည်။

ဆလုံအမျိုးသမီးများသည် အနီရဲရဲကို အလွန်ပင် နှစ်သက်ကြ၏။ အနီရောင်ပန်းပွင့် ရဲရဲပါသော ပိတ်စများကို အထက်ဆင်မတပ်ဘဲ ဝတ်လေသည်။ အပျိုမကလေးများ၏ ထူးခြားချက်မှာ ဆံပင်တွင် အနီရောင် ပိတ်စရှည်ရှည်တစ်ခု ချည်နှောင်ထားလေ့ရှိခြင်းပင်။

“ကျွန်းတစ်ကျွန်း ရောက်လို့ ကျွန်းပေါ်ခဏတက်ပြီး ခွေးနဲ့ အမဲလိုက်တဲ့အခါ.. ထင်းတက်ခုတ်တဲ့အခါ.. မကြာခဏ အပျိုမကလေးတွေနဲ့ ဆုံတွေ့ရတတ်စမြဲပါပဲ.. .. .. .. ငါ့အဖေနဲ့ ငါ့အမေဟာ ငါ့ကို မမွေးခင် ကျွန်းတစ်ကျွန်းပေါ်မှာ အတူတကွ ဆုံတွေ့ကြတယ်.. ပြီးတော့ ကာဘန်းလှေကလေးရဲ့ ပေါင်းမိုးအောက်မှာ နှစ်ပေါင်းများစွာ အတူတကွ နေကြတယ်.. ငါဆိုတဲ့ လူသားတစ်ယောက်လည်း လှေပေါ်မှာ မွေးဖွားခဲ့ရတယ်.. မွေးဖွားခြင်း မှာ ငါတို့လူမျိုးဟာ ရဲရင့်တယ်.. သတ်တိကြီးမားသော မိခင်စိတ်ဟာ လှိုင်းလုံးတွေကို ကျော်လွှားစိုးမိုးနိုင်တယ်.. အကူအညီ အထောက်အပံ့မဲ့ ကိုယ်ထူကိုယ်ထ မွေးဖွားသန့်စင်ခြင်းမျိုးလဲ ဖြစ်တယ်.. စိတ်ဝင်စားစရာအကောင်း အသက်ရှင်ရယူခြင်းလည်းဖြစ်တယ်.. ငါ့တို့အမေဟာ ငါ့ချက်ကြိုးကို အဖေ့ကို ဖြတ်စေတယ်.. ကျန်တဲ့ အချင်းနဲ့ ချက်ကြိုးကို ကိုင်ပြီး အမေဟာ နာရီမဆိုင်းဘဲ ဆားငန်ရေထဲကို ခုန်ဆင်းသွားရတယ်.. လှေပေါ်ကို အမေပြန်တတ်လာတော့ အမေ့မျက်နှာမှာ အပြုံးတစ်ခုကလွဲပြီး ဘာမျှ ပြန်ပါမလာတော့ဘူး.. (အချင်းကို ပင်လယ်ရေအောက်မှာ မြှုပ်လေ့ရှိကြတယ်.. လို့ ဆိုလိုချင်ဟန်ရှိပါတယ်..) မွေးဖွားပြီးစ ငါ့ကို လည်း ဆားငန်ရေနဲ့ပဲ သန့်စင်ပေးကြတယ်.. ခြေဖဝါး ကျယ်ကျယ်ကားကားပြန့်ပြန့် ကလေးတွေနဲ့ လှေပေါ်မှာ မတ်တပ်ရပ်နိုင်တဲ့ အရွယ်ရောက်တော့ ကလေးတို့ဘဝ ငါဟာ ကစားကွင်းတဲကို ခုန်ဆင်းခဲ့မိတယ်.. ငါ့ရဲ့ ကစားကွင်းဟာ အကျယ်ကြီးပဂ့်.. လှပတဲ့ရေမော်ပင်.. သန်တာ.. ကျောက်ခက်တွေနဲ့ ငါးရောင်စုံကလေးတွေက ငါ့ဘဝအတွက် ပန်းဥယျာဉ်နဲ့ သူငယ်ချင်းတွေပေါ့.. လူပျိုပေါက် အရွယ်ရောက်တော့ ကြိုးအနီရောင်ကို ဖုထုံးကလေးတွေထုံးပြီး လည်ပင်းမှာ ဆွဲရတာ လှတယ်လို့ သတ်မှတ်မိတယ်.. ခရုရောင်စုံလေးတွေကို ဆွဲရတာ လှတယ်.. လို့ ထင်မိတယ်.. အဖေနဲ့ အမေတွေဟာ လှေပေါ်မှာ သားသမီးတွေကို မွေးဖွားပေးကြတယ်.. ပြီးတော့ သူတို့က ကျွန်းပေါ်မှာ နေရစ်ခဲ့ကြတာပဲ.. တဲ့.. ဒါဟာ ရင်နင့်စရာအကောင်းဆုံး သင်္ချိုင်းတစ်ခုပေါ့.. ငါ့ဘဝမှာ ပထမဦးဆုံး အမေ့ကို စွန့်လွှတ်ခဲ့ရတယ်.. အမေငှက်ဖျားဖြစ်တယ်.. ပြီးတော့ လှေပေါ်မှာ အမေကွယ်လွန်တယ်.. အမေ့ရုပ်အလောင်းကို ‘လာပဒါ’ ဆိုတဲ့ ကျွန်းနဲ့ သိပ်မဝေးတဲ့ ကျွန်းငယ်ကလေး တစ်ကျွန်းပေါ်မှာ မြှုပ်နှံ သင်္ဂြိုဟ် ခဲ့ရတယ်.. ငါတို့ ဆလုံ တိုင်းရင်းသားတွေရဲ့ မြှုပ်နှံသည့်ဂြိုဟ်မှုဟာ ထူးဆန်းတယ် လို့ ဆိုမယ် ဆိုရင် ဆိုနိုင်ပါရဲ့.. အမေ့ကို မြေမြှုပ်တော့ အနီရောင် ပန်းပွင့်ပါတဲ့ ပိတ်စတွေ တွင်းထဲ ပစ်ချ ကြတယ်.. ပစ်ချတဲ့အထဲမှာ ဆန်အရက်တစ်ပုလင်းလည်း ပါရဲ့.. လက်ဆုပ်ခရုသုံးလေးလုံးလည်းပါရဲ့.. အို.. ဒါနဲ့ပဲ အမေဟာ အဲဒီကျွန်းကလေးမှာ ကျန်ရစ်ခဲ့တော့တယ်.. ငါတို့ ဆလုံလှေအုပ်စုဟာ ကျွန်းတစ်ကျွန်းပေါ်မှာ လူတစ်ယောက်ကို မြှုပ်နှံပြီးရင်

အဲဒီကျွန်းမှာ ဘယ်သူမှ မနေကြတော့ဘဲ အုပ်စုလိုက် အခြားကျွန်းတစ်ကျွန်းကို နေရာရွှေ့ပြောင်းကြပါတယ်.. အမေလှေပေါ်မှာ မရှိဗတာ့တဲ့အခါ.. အဖေရယ်.. ခွေးတစ်ကောင်ရယ်.. ငါရယ် လှေပေါ်မှာ ကျန်ခဲ့ကြတယ်.. ဒါပေမယ့် အဖေနဲ့ ခွေးဟာ တစ်နေ့မှာ ငါ့ကို စွန့်ခွာသွားပြန်တယ်လေ.. '

သူသည်ရင်ခွင်ထဲတွင် ထွေးပိုက်ထားဆဲဖြစ်သော နာလီချမ်းရှာမှ ခွေးကြီးကို ငုံ့ကြည့်ရင်း တွေးချင်ရာ တွေးနေမိလေသည်။ ခွေး၏ ကိုယ်ငွေ့မှာ အထူးပင် နွေးထွေးလေသည်။ နှစ်ကာလ အတန်ကြာ ပင်လယ်ထဲမှာ အတူနေလာခဲ့ကြပြီမို့ နာလီချမ်း ခွေးကြီးသည် လည်း သခင်၏ ကိုယ်ငွေ့ကို အထူးတိုးဖှေ့မှေးစက် ခံစားနေရှာလေသည်။ သူသည် ခွေး၏ နဖူးပြင်ကို ညင်သာယုယစွာ ပွတ်သပ်ပေးနေမိ၏။

“အခုငါ့ရင်ခွင်ထဲမှာ ရောက်နေတဲ့ မင်းကလည်း ဘယ်အချိန်မှာ ငါ့ကို စွန့်ခွာသွားဦးမှာလဲ” ဟု သံသယဖြစ်စွာ မေးနေမိလေသည်။ “ အရင် ခွေးကြီးတုန်းကလည်း အဖေနဲ့ငါ ကော့သောင်မှာ ကမာနဲ့ ဆန်သွားလဲတုန်းက လူတစ်ယောက်က ခဏငှားလိုက်ပါ.. တစ်လကြာရင် ပြန်လာပေးမယ်.. လို့ ပြောပြီး ယူသွားတာ.. အဲဒီလူဟာ လူမျိုးခြားတစ်ယောက်ပဲ.. ငါ့တို့ကို ဆလုံလို့ မခေါ်ဘဲ ချော်နမ်း လို့ အော်ခေါ်ကတည်းက လူမျိုးခြား ဆိုတာ တို့သိပြီပေါ့ကွာ.. သူက ငါ့တို့စကားလည်း တော်တော်လေးပဲ ပြောနိုင်တယ်.. သူက ငါတို့ခွေးကြီးကို အရမ်းသဘောကျပြီး အရမ်းလိုချင်နေတော့ သူ့လှေမှာ ပါလာတဲ့ စားစရာတွေ ငါတို့ကို အတင်းပေးတော့တာပဲ.. အဖေ့ကို အဲဒီလူက ဘာပြောသွားသလဲ ဆိုတော့ သူဟာ ပါချန်းမြစ်ဖျားတစ်ဘက်ကမ်းက ထပ်ဘလီရွာမှာ နေတဲ့အကြောင်း .. ဒီခွေးကြီးနဲ့ အမဲလိုက်ဖို့ ခဏယူသွားမယ့်အကြောင်း ပြန်လာပေးမယ့်အကြောင်း ပြောတာငါတို့က ယုံကြည်မိတာပေါ့.. အဖေက လည်း သိပ်ရိုး.. သိပ်အတာပဲကွာ.. ငါလည်း အဖေ့သားပဲ.. အဖေ့လိုပဲပေါ့.. အဖေသေတဲ့အထိ ငါတို့ခွေးကို ပြန်လာမပေးတော့ဘူးဟေ့.. အဖေသေညပီးနောက်ပိုင်း ကော့သောင်ဆိပ်ကမ်းတစ်ဝိုက် လှေနဲ့ တစ်ခါနှစ်ခါ ငါသွားသေးတယ်.. ထပ်ဘလီကလူကို ရှာတာပေါ့ကွာ.. တော်တော့ဟေ့.. တော်တော့။ မိုက်မိုက်ကန်းကန်းနဲ့ ငါ ပါချန်မြစ်ဖျား နာလီချမ်းအထိ လှေနဲ့ တက်သွားတော့မှ ထပ်ဘလီဆိုတာ အတော်ဝေးမှန်း သိရတော့တယ်.. တော်ပါသေးရဲ့ နာလီချန်းက အပြန်မှာ ဟိုခွေးကြီး အစား မင်းကို ရခဲ့လို့ပေါ့.. ငါတို့ ဆလုံလူမျိုးတေါဟာ ခွေးနဲ့ ပတ်သတ်လာရင် ဘယ်အထိ သံယောဇဉ်အင်အားကြီးမားတယ် ဆိုတာ သိလောက်ရောပေါ့.. ခွေးကြီးကို ပေးလိုက်မိတဲ့အတွက်.. သူ့ကိုယ်သူ မှားမှန်းသိတဲ့ ငါ့အဖေဟာ တနေ့တခြား မစားနိုင်မအိပ်နိုင် စိတ်ထောင်းကိုယ်ကြေ တမှိုင်မှိုင်တတွေတွေ ဖြစ်ရာက ကိုယ်တွင်းရောဂါတစ်ခုကလည်း ဖိစီးလာပြန်တယ်.. အဖေဟာ လှေပဲ့မှာ ထိုင်ရင်း အစာဟောင်းစွန့်တယ်.. အဖေဟာ ဒူးတွေ တဆတ်ဆတ်တုန်.. နဖူးမှာ ချွေးတွေ စို့လာပြီး ရေပြင်ပေါ်မှာ ကွက်ခနဲ ကွက်ခနဲ စက်ဝိုင်းဂယက် ပြန့်ပြန့်သွားတဲ့ သွေးကွက်တွေကို ငုံ့ကြည့်နေတာ ငါကြုံတွေ့ရတယ်.. ငါတို့ ကာဘန်းလှေ အုပ်စုတွေမှာ ဆေးဆ ဂာဆိုတာမရှိဘူး.. ဒါပေမယ့် ငါဂုဏ်ယူတာတစ်ခုရှိတယ်.. ငါတို့ ဆလုံတွေဟာ တ်စလှေနဲ့တစ်လှေ တစ်ဦးနဲ့ တစ်ဦး ထိခိုက်နာကျင်အောင် လုပ်ရိုးထုံးစံ မရှိသလို ခိုးခြင်း.. ဝှက်ခြင်း.. သူတပါး သားမယားပြစ်မှားခြင်း. ဆဲဆိုခြင်း.. အတင်းပြောခြင်း.. ခိုက်ရန်ဒေါသဖြစ်ခြင်း.. လက်နက်မဲ့ ယှဉ်ပြိုင်သတ်ပုတ်ခြင်း.. လက်နက်နဲ့ နိုင်ထက်စီးနင်း ခုတ်ထစ်ရက်စက်ခြင်း ဆိုတာ ဒီနေ့အထိ မရှိတဲ့အချက်အတွက် ငါဂုဏ်ယူမိတယ်.. အမှုတစ်ခုအတွက် ဘယ်တရားရုံးကိုမှ ငါတို့အုပ်စု သွားခဲ့ရတဲ့ ထုံးစံမရှိဘူး.. ဒါကြောင့် အဖေရဲ့ သေခြင်းတရားဟာ အေးချမ်းတိတ်ဆိတ်စွာနဲ့ လှေပေါ်မှာပဲ ပြီးဆုံးခဲ့တယ်.. လူသူကင်းမဲ့တဲ့ ကျွန်းကလေးတစ်ကျွန်းပေါ်မှာ အဖေ့ကို မြှုပ်နှံပြီး ငါတို့ ကာအန်းအုပ်စုဟာ တစ်နေရာကို ပြောင်းရွှေ့ခဲ့ရပြန်တယ်.. ဒါကြောင့် ငါစဉ်းစားမိတယ်.. ငါဟာ ငါ့လှေပေါ်မှာ မိန်းမမထားဘူး လို့.. တစ်နေ့မှာ ငါက ကျွန်းကလေးတစ်ကျွန်းရဲ့ မြေကြီးတွင်းထဲမှာနေရစ်ခဲ့ရပြီး ငါနေခဲ့တဲ့ ကာဘန်းလှေကလေးနဲ့ ငါ့ရဲ့ ရင်သွေး သားသမီး ငါ့ရဲ့ မိန်းမနဲ့ ငါ့ရဲ့ ခွေးတွေက တစ်နေရာကို ထွက်ခွာသွားကြမှာထက် မြေကြီးတွင်းထဲ ငါရောက်သွားတဲ့အချိန်မှာ ငါ့ရဲ့ ကာဘန်းလှေကလေးတစ်စင်းထဲ သာ ပင်လယ်မှာ မျောချင်ရာ မျောပါသွားရင်း သံယောဇဉ်အမျှင်တွေ ငါ့ဝိဉာဉ်မြှုပ်နှံတဲ့ ကျွန်းတခွင်လုံး မဖုံးလွှမ်းနိုင်တော့ဘူလို့ ငါယုံကြည်တယ်..

ဆောင်းဝင်းလတ်